# သရက်ပင်လှကျေးရွာ
# ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၉ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သရက်ပင်လှကျေးရွာ၊ဟသ်ာတမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဧပြီလ

## မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၁-၅ |
| အတိုကောက်စကားလုံးများ | | ၆ |
| စကားချီး | | ၇-၈ |
| သရက်ပင်လှကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် | | ၉ |
| သရက်ပင်လှကျေးရွာရာသီခွင်ပြ ပြက္ခဒိန် | | ၁၀ |
| သရက်ပင်လှကျေးရွာ အဖွဲ့အစည်းပြမြေပုံ | | ၁၁ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | | ၁၂ |
| (၁) | နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၁၂ |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | ၁၂ |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၁၃ |
| (၂) | ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၄ |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | ၁၄ |
| | (ခ) သဘာဝအရင်းအမြစ်များ | ၁၄-၁၅ |
| (၃) | ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၁၅ |
| | (က) လူဦးရေဆိုင်ရာ အချက်လက်များ | ၁၅ |
| | (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၅ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၁၅ |
| | (ဃ) ကျန်းမာရေးနှင့် အာဟာရ | ၁၅ |
| | (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | ၁၆ |
| | (စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၆ |
| (၄) | ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၆ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု | ၁၇ |
| | (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | ၁၇ |
| | (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၈ |
| | (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု | ၁၈ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၈ |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၈ |
| | (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | ၁၈ |
| | (ဇ) အခြေခံအဆောက်အဦ - လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | ၁၈ |
| | (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | ၁၈ |

(၅) ဖွံ့ဖြိုးရေးအတွက်ကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၁၉
(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ ၁၉
(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု ၂၀

(၆) ပန်းတိုင်နှင့်မဟာဗျူဟာ ၂၀-၂၂

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၂

(၈) စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၃
(ခ) ကဏ္ဍ နှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း ၂၃-၂၄
(ဂ) ဦးစားပေး စီမံချက်များ ၂၄
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၅

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၆

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၂၇
(၁၀-၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၇
(၁၀-၂)ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း ၂၇
(၁၀-၃)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၂၇-၂၈
(၁၀-၄)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာ အစီအမံများ ၂၈

(၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၈-၂၉
(၁၁-၁)ကြီးကြပ်စစ်ဆေးခြင်း ၂၉
(၁၁-၂)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ ၃၀

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၁

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၃၁
ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား ၃၂-၃၅
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံး ၃၅-၃၆

| | | | |
|---|---|---|---|
| | | လုပ်အားခနှုန်းထား | |
| | ဇယား ၄ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု | ၃၆-၃၇ |
| | ဇယား ၅ | ခါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ | ၃၇-၃၈ |
| | ဇယား ၆ | ဥစ္စာခနေအဆင့်အခြေအနေ | ၃၈ |
| | ဇယား ၇ | ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ | ၃၉ |
| | ဇယား ၈ | ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ | ၄၀ |
| | ဇယား ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၄၀-၄၁ |
| | ဇယား ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ၄၁-၄၂ |
| (၂) | ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ | | ၄၃ |
| | ဇယား ၁၁ | ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ | ၄၃-၄၄ |
| | ဇယား ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ | ၄၄ |
| | ဇယား ၁၃ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု | ၄၅ |
| | ဇယား ၁၄ | ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ | ၄၅-၄၆ |
| | ဇယား ၁၅ | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၄၆-၄၇ |
| | ဇယား ၁၆ | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၄၇-၄၈ |
| | ဇယား ၁၇ | သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ | ၄၈ |
| | ဇယား ၁၈ | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ | ၄၉ |
| | ဇယား ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၅၀ |
| | ဇယား ၂၀ | မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၅၁-၅၂ |
| | ဇယား ၂၁ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၅၃-၅၄ |
| | ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက်အခွင့်အလမ်းများ | ၅၅-၅၆ |
| | ဇယား ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၅၆-၅၇ |
| | ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၅၇-၅၈ |
| | ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း | ၅၈ |
| | ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၅၉ |
| | ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၅၉-၆၀ |
| | ဇယား ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၆၀-၆၁ |
| | ဇယား ၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ | ၆၂ |

| | | |
|---|---|---|
| ဇယား ၃၀ | ပညာရေးနှင့်စာတတ်မြောက်မှု | ၆၂-၆၃ |
| ဇယား ၃၁ | ကျောင်းတက်နှုန်း | ၆၄ |
| ဇယား ၃၂ | စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | ၆၅-၆၆ |
| ဇယား ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၆၆-၆၇ |
| ဇယား ၃၄ | အဖြစ်များသော ရောဂါများ | ၆၇ |
| ဇယား ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၆၈ |
| ဇယား ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၆၈-၆၉ |
| ဇယား ၃၇ | သောက်သုံးရေရရှိမှု | ၇၀ |
| ဇယား ၃၈ | အိမ်သာအမျိုးအစား | ၇၁ |
| ဇယား ၃၉ | ကျား၊ မရေးရာ | ၇၁-၇၂ |
| ဇယား ၄၀ | ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ | ၇၂-၇၃ |
| ဇယား ၄၁ | ကျေးရွာ၏တံတားတည်ရှိမှု | ၇၃-၇၄ |
| ဇယား ၄၂ | ရေကြောင်း သယ်ယူပို့ဆောင်ရေး | ၇၄ |
| ဇယား ၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၇၅ |
| ဇယား ၄၄ | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၇၅-၇၆ |
| ဇယား ၄၅ | ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ | ၇၆ |
| ဇယား ၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၇၆-၇၇ |
| ဇယား ၄၇ | ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု | ၇၇ |
| ဇယား ၄၈ | မှုခင်းဖြစ်ပွားမှု အခြေအနေ | ၇၇-၇၈ |

ကိုးကားစာရင်း ၇၉

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၃ခု၊ ဘဏ္ဍာ ရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်နည်း ကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေး သည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိ နိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သရက်ပင်လှကျေးရွာ

ဟသ်ာတမြို့နယ်

ဧပြီလ၊ ၂၀၁၉ ခုနှစ်၊ (    )ရက်

# အင်းဓဝယ်ကျေးရွာအုပ်စု၊သရက်ပင်လှကျေးရွာသယံဇာတပြမြေပုံ



# သရက်ပင်ကွင်းကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟသ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကျဲ | ခါတ်မြေသြဇာ | ဆေးဖျန်း | ဆေးဖျန်း | စပါးရိတ်သိမ်း | မတ်ပဲစိုက် | ပိုးသတ်ဆေးဖျန်း | - | ပဲသိမ်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | နည်း | များ | များ | များ | နည်း | များ | များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

သရက်ပင်လှကျေးရွာ အဖွဲ့အစည်းပြမြေပုံ၊



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်ရွယ်ချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် လမ်းကြောင်းများကိုလဲ ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး၊ ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိ စေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းများအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှု များ ပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေရန်အတွက် ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီဝင်အနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

သရက်ပင်လှကျေးရွာသည် ဟသ်ာတမြို့နယ်၏ အရှေ့ဘက်(၃)မိုင်ခန့်အကွာတွင်တည်ရှိသည်။ ကျေးရွာ၏ တောင်ဘက်တွင် ဒူးယားမြို့ရှိပြီး (၃)မိုင်ခန့် ပင်ကွာဝေးသည်။ ရွာ၏အနောက်ဘက်တွင် နတ်မော်ရွာတည်ရှိပါသည်။ သရက်ပင်လှကျေးရွာသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသဖြစ်သည်။ အမြင့်ဆုံးအပူချိန်မှာ (၄၂.၈°C)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၂၇°C) ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရွာသည့်ရက်မှာ (၁၀၇)ရက် ဖြစ်ပါသည်။ မိုးရေချိန်မှာ (၉၃.၉၇")ဖြစ်ပါသည်။ မိုးရွာသွန်းမှုအများဆုံးကာလမှာ ဇူလိုင်လနှင့် ဩဂုတ်လများဖြစ်ပါသည်။

သရက်ပင်လှကျေးရွာသည် အင်းဓဝယ်အုပ်စုတွင် ပါဝင်ပြီး ပတ်ဝန်းကျင်ကျေးရွာများမှာ မင်းနင်း၊ ပုစွန်တောင်၊ သပြေပင်၊ ပနီကုန်း၊ မန်းကုန်း၊ သံကြိုးတန်းကျေးရွာများဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များဖြစ်သည့် ရှားစောင်းလက်ပတ်၊ လောက်သေရွက်၊ ဆင်တုံးမနွယ်၊ ခွေးသေးပန်းပင်၊ ရဲယိုရွက်၊ ကြောင်နခမ်းမွေးရွက်စသည့်အပင်တို့ ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် ဆေးဘက်ဝင်အပင်များ ပေါက်ရောက်သောဒေသလည်း ဖြစ်ပါသည်။ စိုက်ပျိုးမြေ

သဘာဝအရင်းအမြစ်နှင့် မြေအောက်ရေ စသည်တို့မှလွဲ၍ အခြားသဘာဝ အရင်း အမြစ်တို့မရှိပါ။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

သရက်ပင်လှကျေးရွာသည် အိမ်ထောင်စုပေါင်း(၁၀၁)စုနှင့် ကျား(၂၀၇)ဦး၊ မ(၂၂၂)ဦး စုစုပေါင်း (၄၂၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၂၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၄)ဦးထက် လျော့နည်းပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာလူဦးရေအားလုံး၏ (၈၀%)ရှိပြီး အမျိုးသမီးနှင့်အမျိုးသား အရေအတွက်မှာ အချိုးညီမျှမှုရှိသဖြင့် အမျိုးသားများနှင့်အတူ အမျိုးသမီးများပါလုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမို အထောက်အကူပြုစေနိုင်ပါမည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

အိမ်ထောင်စုများ၏ ဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏(၇၅%)နီးပါးမှာမပြေလည်သောအိမ်ထောင်စုများဖြစ်ပါသည်။အဆင်ပြေသော အိမ်ထောင်စုမှာ ပျမ်းမျှအားဖြင့် လယ်(၁)ကေနှင့်အထက်၊ ဥယျာဉ်ခြံမြေ(၃)ကေနှင့်အထက်တို့ပိုင်ဆိုင်ကြပြီး အိမ်အခြေအနေကောင်းမွန်ပါသည်။အလယ်အလတ်ရှိသော အိမ်ထောင်စုများတွင် အိမ်အသင့်အတင့်ပိုင်ဆိုင်မှုရှိပြီး ခြံမြေအသင့်အတင့်ရှိကြပါသည်။ ဆင်းရဲသောအိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများတွင် ကောင်းမွန်သောအိမ်ခြေမရှိခြင်း၊ လယ်ယာမြေအနည်းငယ်(သို့) ပိုင်ဆိုင်မှုမရှိခြင်း တို့ကြောင့် နေ့စားကျပန်းအလုပ်တို့ဖြင့် ရပ်တည်နေရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကိန်းဂဏန်းအချက်အလက် ကောက်ယူထားခြင်းမရှိပါ။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် သာမန်ဖျားနာခြင်းမှလွဲ၍ အခြားဆိုးရွားသော ရောဂါများ ဖြစ်ပွားမှုမရှိပါ။

(င)  ပညာရေးနှင့်ကျွမ်းကျင်မှုများ

သရက်ပင်လှကျေးရွာတွင် မူလတန်းကျောင်းနေအရွယ်(၃၄)ဦးနှင့် အလယ်တန်းကျောင်းနေအရွယ် (၂၉)ဦးရှိရာတွင် ရာနှုန်းပြည့် ပညာတတ်မြောက်သင်ယူကြသည်။ အထက်တန်းပညာ သင်ယူနေသော ကျောင်းသား/သူ(၁၃)ဦး ရှိပြီး၊ တက္ကသိုလ်၊ ကောလိပ်အဆင့်ရှိသူ(၇)ဦးရှိကာ ကျေးရွာ၏ကျောင်းတက်နှုန်းအဆင့်မှာ အလယ်အလတ်အဆင့်သာ ရှိပါသည်။ကျေးရွာ၏ အတန်းပညာပြီးမြောက်မှုအနေဖြင့် စာမတတ်သူဦးရေ(၇%)၊ မူလတန်းအဆင့်ရှိသူဦးရေ(၅၀%)၊ အလယ်တန်းအဆင့်ရှိသူ (၂၃%)၊အထက်တန်းအဆင့်ရှိသူ(၁၀%)၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူ(၆%)ရှိရာ ကျေးရွာ၏ စာတတ်မြောက်မှုအခြေအနေမှာ အသင့်အတင့်ကောင်းမွန်သော အနေအထား ရှိပါသည်။

(စ)  ကျားမဆိုင်ရာဆက်နွယ်မှု

သရက်ပင်လှကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများအနက် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ပိုများပါသည်။စပါးစိုက်ချိန်တွင် အမျိုးသားတစ်ဦးလျှင်(၅၀၀၀)ကျပ်ခန့် ရရှိပါသည်။ကွမ်းခူး၊ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင်(၄၀၀၀)ကျပ်ခန့် ရရှိပါသည်။ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများတက်ကြွစွာ ပူးပေါင်းပါဝင်ကြသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။ ကျေးရွာတွင် အမျိုးသမီးများအတွက် သံသယဖြစ်ဖွယ် အကြမ်းဖက်မှု၊ တိုင်ကြားမှုများ မရှိပါ။ လူနေမှုအဆင့်အတန်း ခွဲခြားဆက်ဆံမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး စည်းလုံးညီညွတ်စွာ နေထိုင်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

၄။  ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

သရက်ပင်လှကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ကျေးရွာလမ်းကော်မတီ၊ ရပ်မိရပ်ဖ၊ ဂေါပက၊ ကျောင်းအကျိုးတော်ဆောင်နှင့် လူငယ်ပရဟိတအဖွဲ့တို့သည် ကျေးရွာ၏ ဘာသာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်း များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ

သရက်ပင်လှကျေးရွာတွင် တောင်သူများ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ပဲနှင့် ရာသီကုန်သီးနှံများပင်ဖြစ်ပါသည်။ သရက်ပင်လှကျေးရွာသည် မိုးရာသီတွင် စပါး(၁၈၇)ကေခန့် စိုက်ပျိုးကြပါသည်။မိုးစပါး စိုက်ခင်းအားလုံးအနက် အချို့မှာ အစေ့ကြဲစနစ်ဖြင့်စိုက်ပျိုးပြီး အချို့မှာလက်စိုက်ခင်းများ ဖြစ်ပါသည်။ ကွမ်းစိုက်ပျိုးခြင်းနှင့် အခြားသီးနှံများ စိုက်ပျိုးခြင်းတို့ကို တွဲဖက်လုပ်ကိုင်ကြပါသည်။ နွေရာသီတွင်လည်း မတ်ပဲ (၁၈၇)ကေခန့် စိုက်ပျိုးပါသည်။ စိုက်ပျိုးရေးနှင့် အရောင်းအဝယ်ကိုသာ အဓိကထား လုပ်ကိုင်သောကြောင့် ကြက်၊ ဘဲ၊ ဝက်၊ နွား တို့ကို တစ်နိုင်တစ်ပိုင်သာ မွေးမြူကြ ပါသည်။

စပါးကို မိုးရာသီတွင်စိုက်ပြီးမတ်ပဲကို နွေရာသီတွင် စိုက်ပျိုးပါသည်။ ကွမ်း၊ ပဲသီး၊ ဘူးသီး၊ သခွားသီး စသည်တို့ကို သုံးရာသီလုံး စိုက်ပျိုးကြပါသည်။မွေးမြူရေး အနေဖြင့် နွား၊ ဝက်၊ ကြက်၊ ဆိတ်၊ ဘဲ တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူရေးခြံများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

သရက်ပင်လှကျေးရွာတွင်စိုက်ပျိုးမွေးမြူရေးမလုပ်သောအခြားအိမ်ထောင်စုများအနေဖြင့် အရောင်းအဝယ်၊ နေ့စား၊ ပန်းရံ၊ လက်သမား စသည်တို့ လုပ်ကိုင်ကြပါသည်။နေ့စားလုပ်ကိုင်ကြသူများမှာလည်း လက်သမား၊ ပန်းရံ၊ ကုန်ထမ်း၊ အရောင်းအဝယ်နှင့် လယ်/ခြံထဲတွင် နေ့စားလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ တစ်နေ့လျှင် ကျား(၇၀၀၀)၊ မ(၅၀၀၀)ခန့် ရရှိပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

သရက်ပင်လှကျေးရွာ၏စိုက်ပျိုးရေးတွင်သဘာဝမြေသြဇာများကို အသုံးပြုမှုနည်းပါးလာပြီး ဓာတုမြေသြဇာများ၊ ဓာတုပိုးသတ်ဆေးများကို လိုအပ်သည်ထက် ပိုမိုအသုံးပြုလာသောကြောင့် စိုက်ပျိုးမြေများမှာ မြေဆီသြဇာများခမ်းခြောက်လာပြီး မြေဆီလွှာခမ်းခြောက်မှုများဖြစ်ပေါ်လာပါသည်။မြေဆီလွှာ ပျက်စီးလာမှုကြောင့် သဘာဝဆေးဖက်ဝင်အပင်များလည်း ရှားပါးလာကာ အပင်များအတွက် ရောဂါကာကွယ်ထိန်းချုပ်မှု အားနည်းလာသောကြောင့် ဖျက်ပိုးများ ကျရောက်မှု ရှိနေပါသည်။

ယခုအခါ လူငယ်များသည် စိုက်ပျိုးရေးသင်တန်းကျောင်းများမှ အသိပညာများ ရရှိလာကာ ကျေးရွာအတွင်းသို့ အသိပညာများ ပေးလျက်ရှိပါသည်။

ကျေးရွာလုံခြုံရေးအတွက် အရန်မီးသတ်တပ်ဖွဲ့၊ အုပ်ချုပ်ရေးမှူးနှင့်ပြည်သူ့စစ်အဖွဲ့၊ကျေးရွာလူငယ်များအဖွဲ့မှ တက်ကြွစွာပါဝင်ကြပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုအနေဖြင့် PEP Myanmar အဖွဲ့မှ ချေးငွေများ ရရှိပါသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

သရက်ပင်လှကျေးရွာတွင် စာသင်ကျောင်းမရှိသော်လည်းရွာ၏ ပေ(၁၀၀၀)ခန့်တွင်(ခွဲ-အ.ထ.က) အထက်တန်းကျောင်း ရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် လက်နှိပ်တုံကင်ပေါင်း(၁၄)လုံး၊ အဝီစိတွင်းစက်တပ်(၅၂)လုံးရှိပြီး သောက်သုံးရေ ဖူလုံမှု ရှိပါသည်။

ကျေးရွာတွင် ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများနှင့် လစဉ်ကျန်းမာရေးဝန်ဆောင်မှုများကို ကျန်းမာရေးဝန်ထမ်းများမှ ထိုးနှံပေးသောကြောင့် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ဖြစ်ပေါ်တတ်သော ရောဂါများ ကင်းဝေးကြပါသည်။

သာမန်အဖျားများအတွက် ကျေးလက်ကျန်းမာရေးဌာနတွင် ပျောက်ကင်းသော်လည်း ဆိုးရွားသောရောဂါများနှင့် မတော်တဆဖြစ်မှုများအတွက် ကျေးရွာနှင့် (၃)မိုင်ခန့် ကွာဝေးသော ဟသ်ာတမြို့သို့ သွားရောက်ကုသရပါသည်။

သရက်ပင်လှကျေးရွာသည် သောက်သုံးရေအတွက် စက်ရေတွင်းများမှရရှိပြီး ရေအလွန်ကောင်းသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်များ ကျန်းမာကြံ့ခိုင်စေရန်နှင့် အားကစားကို စိတ်ဝင်စားလာစေရန်အတွက် ဘောလုံးပွဲများလည်းပြုလုပ်ပေးပါသည်။လူငယ်များသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှုအားနည်းနေပါသည်။ကျေးရွာမှလူကြီးများ၏ လက်တွဲခေါ်ယူမှုကလည်း လိုအပ်နေပါသည်။ လူငယ်အဖွဲ့ စနစ်တကျ ဖွဲ့စည်းရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အဆိုပြုကြပါသည်။

(ဇ) အခြေခံအဆောက်အဦး-လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

သရက်ပင်လှကျေးရွာတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ဆိုင်ကယ်၊ ကားလမ်းတို့ကို ရာသီအလိုက်အသုံးပြုကြပါသည်။ကျေးရွာတွင် ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊စက်ဘီး စသည်တို့နှင့် အဆင်ပြေသလို သုံးစွဲနေကြပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

သရက်ပင်လှကျေးရွာသည် မိသားစုကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြပြီး ပြဿနာကြီးကြီးမားမား ဖြစ်လေ့ဖြစ်ထနည်းပါးပါသည်။ ဘုန်းတော်ကြီးများ၏ ဆုံးမမှု၊ လူကြီးမိဘများ၏ဆုံးမမှုဖြင့် အေးချမ်းသာယာစွာနေထိုင်ပါသည်။ ယခင်က အမှု အခင်းအနည်းငယ်ရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ်မှစ၍ မရှိတော့ပါ။

ကျေးရွာတည်ငြိမ်အေးချမ်းရေးအတွက် ကျေးရွာရပ်မိရပ်ဖ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူငယ်အပေါင်းတို့ကစုပေါင်းဆောင်ရွက်ပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

သရက်ပင်လှကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်းမှာ ကျေးရွာလူဦးရေ၏(၇၀%) ရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရများလည်း ရှိပါသည်။ လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလများအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

သရက်ပင်လှကျေးရွာသည် စိုက်ပျိုးရေးနှင့် အရောင်းအဝယ်ကို အခြေခံပြီး စီးပွားရေးလုပ်ကိုင်ကြသောကြောင့် ကွမ်းစိုက်ပျိုးခြင်း၊ ရာသီပေါ်သီးနှံစိုက်ပျိုးခြင်း

များ လုပ်ကိုင်ဆောင်ရွက်ကြရသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပါက ရွာသူ၊ ရွာသားများ၏ စီးပွားရေးမှာ ပိုမိုအဆင်ပြေလာနိုင်ပါသည်။

သရက်ပင်လှကျေးရွာတွင် စာသင်ကျောင်းမရှိသော်လည်း ရွာ၏ပေ(၁၀၀) ခန့်တွင် မူလတန်းကျောင်းနှင့်အထက်တန်းကျောင်းခွဲ ရှိပါသည်။ ကျောင်းသား၊ ကျောင်းသူများအတွက် သင့်လျော်သော ဆရာလုံလောက်မှုရှိသည့်အပြင် မိဘ ဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက် နိုင်သောကြောင့် မူလတန်းကျောင်းမှ အထက်တန်းကျောင်း(ခွဲ) အဆင့်ပညာရေး အတွက် ကောင်းမွန်သော အလားအလာများဖြစ်ပါသည်။ထို့အပြင် ဟသ်ာတ မြို့နယ်ပြည်သူ့ ဆေးရုံနှင့် (၃)မိုင်ကွာဝေးပြီး ဒူးယားမြို့ဆေးရုံနှင့် (၂)မိုင်သာ ကွာဝေးပါသည်။ မည်သည့်ဆေးရုံမဆို ကားလမ်းနှင့်တစ်သွယ်၊ ဆိုင်ကယ်နှင့် တစ်ဖုံ အလွယ်တကူသွားလာနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

(၁) စိုက်ပျိုးရေး

သရက်ပင်လှကျေးရွာတွင် ကွမ်းစိုက်ပျိုးခြင်း၊ ရာသီပေါ်သီးနှံ စိုက်ပျိုးခြင်းနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းများ လုပ်ကိုင်ကြပါသည်။ နွေရာသီတွင် စိုက်ပျိုးရေးအတွက် အဝီစိတွင်းများကို အသုံးပြုပါသည်။

(၂) မွေးမြူရေးနှင့် ရေလုပ်ငန်း

သရက်ပင်လှကျေးရွာတွင် ကြက်၊ ဝက်၊ ဘဲ များကို တစ်နိုင်တစ်ပိုင် မွေးမြူကြပြီး ရေလုပ်ငန်းလုပ်ကိုင်ခြင်းမရှိပါ။

(၃) ပညာရေး

သရက်ပင်လှကျေးရွာ၏ အရှေ့ဘက်တွင် အထက်တန်းကျောင်းခွဲ ရှိပြီး သွားလာရေးအဆင်ပြေကာ ပညာရေးနှင့်ပတ်သက်၍ အစစအရာရာ အဆင်ပြေသောကြောင့် ပညာရေးနှင့်ပတ်သက်၍ အဟန့်အတားနှင့် စိန်ခေါ်မှုများ မရှိပါ။ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝင်း အတွင်းတွင် ရေသန့်စက်ရှိပါသည်။

(၄) ကျန်းမာရေး

သရက်ပင်လှကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ဟသ်ာတ ပြည်သူ့ဆေးရုံသို့သော်လည်းကောင်း၊ ဒူးယားဆေးရုံသို့သော်လည်းကောင်း

သွားရောက်ကုသနိုင်ပါသည်။ ကျေးရွာ၌ ဆေးပေးခန်း မရှိသောကြောင့် အနည်းငယ် အခက်အခဲရှိပါသည်။အရေးပေါ်ကိစ္စရပ်များကိုမူ (၃)မိုင်ခန့် ကွာဝေးသော ဟသ်ာတမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ကုသကြပါသည်။

ကျန်းမာရေး စောင့်ရှောက်မှုအတွက်သွားလာရေး အခက်အခဲမှာ လမ်းကြမ်းပါသည်။ ထိုသို့သွားရောက် ကုသရာ၌ မိုးရာသီတွင် အခက်အခဲ အနည်းငယ်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာပါက ကျန်းမာရေးအတွက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါသည်။

၆။ ပန်းတိုင်မှုနှင့် မဟာဗျူဟာ

ကျွန်ုပ်တို့သရက်ပင်လှကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုအဆင့်အတန်းမြင့်မားရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများရေးဆွဲပြီး ဖြစ်ပါသည်။၎င်းပန်းတိုင်အတွက် အကောင်အထည်ဖော်ရေး စီမံကိန်းများ ရေးဆွဲထားပါသည်။

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ၊ ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင်ပညာရေးကိုအလေးထားပြီး ကလေးများနှင့်လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၁၉ မှ ၂၀၂၃)၅နှစ်တာ ကာလအတွင်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(က.၁) ရွာလူထုသည် မွေးမြူရေးနှင့် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများဖြင့် ဝင်ငွေတိုးတက်စေရမည်။

(က.၂) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

(က.၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် သန့်ရှင်းသော သောက်သုံးရေရရှိစေရန်နှင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်နိုင်ရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများ ကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(ခ.၁) ကျေးရွာအတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထု၏ လုပ်အားပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(ခ.၂) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ရန်အတွက် ကျေးရွာဆက်သွယ်ရေးလမ်းများကို သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ပူးပေါင်းပြီး ပြုပြင်ဆောင်ရွက်သွားပါမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ဖော်ပြပါအဖွဲ့အစည်းများသည် သရက်ပင်လှကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှု ပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ပေးနိုင်ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ၊ကျေးရွာသားများ၏ အားထုတ်လုပ်ကိုင်သူများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်ရန် ပြုပြင်ရေးဆွဲခြင်း စသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါသည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်ပေ။ (၅)နှစ်တာကာလအတွင်း ကျေးရွာတွင် လျှပ်စစ်မီးရရှိရန် ထပ်တိုး စီမံချက်လုပ်ဆောင်သွားမည်ဟု ရည်ရွယ်ထားပါသည်။ ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များနှင့် စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုကို သတ်မှတ်ခြင်း (Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Economic Classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional Classification)-ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့ကို လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic Classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့်လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ၊ ကျေးရွာသား အုပ်စု(၅)စုထဲမှ (၁၀)ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရပါမည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁ | လမ်း | ကျေးရွာတွင်းကွန်ကရိလမ်းခင်းခြင်း | ၁၀၀ | ၁ |
| ၂ | မီးလင်းရေး | လျှပ်စစ်ဓာတ်အားရရှိရေး | ၉၆ | ၂ |
| ၃ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေးဌာနခွဲရရှိရေး | ၈၈ | ၃ |
| ၄ | လူငယ်ဖွံ့ဖြိုးရေး | စာကြည့်တိုက်တည်ဆောက်ခြင်း | ၇၉ | ၄ |
| ၅ | စိုက်ပျိုးရေး | မျိုးကောင်းစပါးများရရှိရေး | ၅၃ | ၅ |
| ၆ | လူငယ်ဖွံ့ဖြိုးရေး | လူငယ်များကစားကွင်းရရှိရေး | ၄၂ | ၆ |

(ဃ) **အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင်လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်း၊ကွန်ကရိလမ်းခင်း ခြင်း | ၁ | ✔ | | | | |
| ၂ | လျှပ်စစ်မီးလင်းရေး | ၂ | ✔ | ✔ | | | |
| ၃ | ကျေးလက်ကျန်းမာရေးဌာနခွဲ ရရှိရေး | ၃ | | | ✔ | | |
| ၄ | စာကြည့်တိုက် | ၄ | | | ✔ | | |
| ၅ | စိုက်ပျိုးရေးနည်းပညာပေးသင် တန်းဖွင့်လှစ်နိုင်ရေး | ၅ | | | ✔ | ✔ | |
| ၆ | ကစားကွင်းရရှိရေး | ၆ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းကွန်ကရိလမ်းခင်းခြင်း | | | ✔ | | |
| ၂ | လျှပ်စစ်မီးလင်းရေး | | | ✔ | | |
| ၃ | ကျေးလက်ကျန်းမာရေးဌာနခွဲ | | | ✔ | | |
| ၄ | စာကြည့်တိုက် | | | ✔ | | |
| ၅ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်နိုင်ရေး | | | | ✔ | |
| ၆ | ကစားကွင်း | | | ✔ | | |

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန် ရှိပါသည်။

(၁၀.၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါသည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။

(၁၀.၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ဉပမာ-မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(၁၀.၃)ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ အသေးစိတ်လုပ်ငန်း အမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်းပုဂ္ဂိုလ်များ၏ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

ဆောက်လုပ်ရေးကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊ စိုက်ပျိုးရေးမွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှာ တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(၁၀.၄)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျှောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားအပေါ် ဖြတ်သန်းသွားလာ သယ်ယူသည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာ ကော်မတီအဖွဲ့အား တာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာ အားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင် ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။

သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

